| စဉ် | လုပ်ငန်းစဉ်ဖော်ပြချက် | သက်ဆိုင်ရာဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | ကျိုးကြောင်းဖော်ပြချက်/ရှင်းလင်းချက် (လုပ်ငန်းစဉ်၊ ကြာချိန်နှင့် ကုန်ကျစရိတ်) |
|---|---|---|---|---|---|
| ၁ | မြေငှားရမ်းခ | စည်ပင်သာယာရေးကော်မတီ | မရှိပါ။<br>မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ အခွန်ကောက်ဝန်ထမ်းများက အိမ်တိုင်ရာရောက် စည်းကြပ်ကောက်ခံသဖြင့် အခွန်ထမ်းဘက်မှ မြေငှားရမ်းခအတွက် အချိန် ပေးရခြင်း မရှိပါ။ | မရှိပါ။<br>မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ အခွန်ကောက်ဝန်ထမ်းများက အိမ်တိုင်ရာရောက် မြေငှားရမ်းခ စည်းကြပ်ကောက်ခံသဖြင့် အခြားအပိုကုန်ကျစရိတ် မရှိပါ။ | ၁။နေပြည်တော်စည်ပင်သာယာရေးကော်မတီနယ်နမိတ်အတွင်း မြို့နယ်များရှိ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ နှစ်(၃၀)မြေငှားစာချုပ် ချုပ်ထားပြီးသော ပုဂ္ဂလိကမြေကွက်များအား စာရင်းပြုစုခြင်း၊<br>၂။ နှစ်(၃၀)မြေငှားစာချုပ် ချုပ်ထားပြီးသော မြေကွက်များအား လမ်းမကြီး၊ လမ်းအကျယ်၊ လမ်းသွယ်အလိုက် မြေငှားရမ်းခနှုန်းထားများ သတ်မှတ်၍ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက် ရယူရခြင်း၊<br>၃။ကော်မတီမှခွင့်ပြုသော နှုန်းထားများအတိုင်း မြေငှားရမ်းခစည်းကြပ်ကောက်ခံရန် စာရင်းပြုစု တွက်ချက်၍ မြို့နယ်များသို့ မြေငှားရမ်းခ ကောက်ခံမည့် တစ်ဦးချင်းစီ၏ စာရင်းနှင့် ပြေစာများအား ပေးပို့ခြင်း၊ |

| စဉ် | လုပ်ငန်းစဉ်ဖော်ပြချက် | သက်ဆိုင်ရာဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | ကျိုးကြောင်းဖော်ပြချက်/ရှင်းလင်းချက် (လုပ်ငန်းစဉ်၊ ကြာချိန်နှင့် ကုန်ကျစရိတ်) |
|---|---|---|---|---|---|
| | | | | | ၄။မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ အခွန်ကောက်ဝန်ထမ်းများက အိမ်တိုင်ရာရောက် မြေငှားရမ်းခကောက်ခံ၍ ဌာနငွေစာရင်း(ဘဏ်)သို့ ပေးသွင်းခြင်း၊<br>၅။ဘဏ်သို့ ပေးသွင်းပြီး မြေငှားရမ်းခငွေစာရင်းအား (LF-25) သို့ မြို့နယ်အလိုက် စာရင်းပြုစု ရေးသွင်းခြင်း။ |
| ၂ | Property tax (ပစ္စည်းခွန်) | စည်ပင်သာယာရေးကော်မတီ | မရှိပါ။ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ အခွန်ကောက်ဝန်ထမ်းများက အိမ်တိုင်ရာရောက် စည်းကြပ်ကောက်ခံသဖြင့် အခွန်ထမ်းဘက်မှ မြေငှား | မရှိပါ။ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ အခွန်ကောက်ဝန်ထမ်းများက အိမ်တိုင်ရာရောက် ပစ္စည်းခွန်စည်းကြပ်ကောက်ခံသဖြင့် အခြားအပိုကုန်ကျစရိတ် မရှိပါ။ | ၁။မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ အခွန်ကောက်ဝန်ထမ်းများမှ အခွန်ထမ်းပြည်သူများ၏ အဆောက်အဦများအား အဆောက်အဦအမျိုးအစား၊ တည်နေရာနှင့် အတိုင်းအတာများ ကွင်းဆင်းစစ်ဆေးခြင်း၊<br>၂။ အခွန်ကောက်ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးပြီးသော အဆောက်အဦများအား ပစ္စည်းခွန် စည်းကြပ် |

| စဉ် | လုပ်ငန်းစဉ်ဖော်ပြချက် | သက်ဆိုင်ရာဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | ကျိုးကြောင်းဖော်ပြချက်/ရှင်းလင်းချက် (လုပ်ငန်းစဉ်၊ ကြာချိန်နှင့် ကုန်ကျစရိတ်) |
|---|---|---|---|---|---|
| | | | ရမ်းခအတွက် အချိန် ပေးရခြင်း မရှိပါ။ | | ကောက်ခံရန် (၁)နှစ်စံငှားရမ်းခနှင့် ပစ္စည်းခွန်(၈%) တွက်ချက်သည့် အခွန်ခွဲပုံစာရင်း(LF-45)ပြုစုခြင်း၊<br>၃။ပစ္စည်းခွန်ခွဲပုံစာရင်း (LF-45) များအား ရာပြတ်ဌာနသို့ ပေးပို့၍ ကော်မတီ၏ ခွင့်ပြုချက်ရယူခြင်း၊<br>၄။ကော်မတီမှခွင့်ပြုပြီးဖြစ်သော ပစ္စည်းခွန်ခွဲပုံစာရင်း (LF-45) များမှ ပစ္စည်းခွန်ကောက်ခံရမည့် အခွန်ထမ်း(၁)ဦးချင်း စည်းကြပ်ကောက်ခံရမည့် ပြေစာများ ရေးသားခြင်း၊<br>၅။အခွန်ကောက်ဝန်ထမ်းများမှ အိမ်တိုင်ရာရောက် ပစ္စည်းခွန် ကောက်ခံ၍ ဌာနငွေစာရင်း(ဘဏ္ဍာ)သို့ ပေးသွင်းခြင်း။ |

43

**နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကောက်ခံလျက်ရှိသောမြေနှင့် အဆောက်အဦများ အပေါ်ပစ္စည်းခွန်၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ဆောင်ရွက်မှုအဆင့်ဆင့် (Standard Operating Procedure) - ကြာမြင့်ချိန် (Time)၊ ကုန်ကျစရိတ် (Cost)၊ လုပ်ငန်းစဉ်အဆင့် (Procedure)**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ မြေငှားရမ်းခအား ကောက်ခံလျက်ရှိပါသည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ နယ်နမိတ်အတွင်း မြို့နယ်များရှိ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ နှစ်(၃၀)မြေငှားစာချုပ် ချထားပြီးသော ပုဂ္ဂလိကမြေကွက်များအား စာရင်းပြုစုပြီး လမ်းမကြီး၊ လမ်းအကျယ်၊ လမ်းသွယ်အလိုက် မြေငှားရမ်းခနှုန်းထားများ သတ်မှတ်၍ စီမံခန့်ခွဲမှုကော်မတီ၏ခွင့်ပြုချက် ရယူရပါသည်။ ကော်မတီမှခွင့်ပြုသော နှုန်းထားများအတိုင်း မြေငှားရမ်းခ စည်းကြပ်ကောက်ခံရန် စာရင်း ပြုစုတွက်ချက်၍ မြို့နယ်များသို့ မြေငှားရမ်းခကောက်ခံမည့် တစ်ဦးချင်းစီ၏ စာရင်းနှင့် ပြေစာများအား ပေးပို့ပါသည်။ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ အခွန်ကောက်ဝန်ထမ်းများက အိမ်တိုင်ရာရောက် မြေငှားရမ်းခ ကောက်ခံ၍ ဌာနငွေစာရင်း(ဘဏ်)သို့ ပေးသွင်းပါသည်။ ဘဏ်သို့ ပေးသွင်းပြီး မြေငှားရမ်းခ ငွေစာရင်းအား (LF-25) သို့ မြို့နယ်အလိုက် စာရင်းပြုစု ရေးသွင်းရပါသည်။ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ အခွန်ကောက်ဝန်ထမ်းများက အိမ်တိုင်ရာရောက် စည်းကြပ်ကောက်ခံသဖြင့် အခွန်ထမ်းဘက်မှ မြေငှားရမ်းခအတွက် အချိန်ပေးရခြင်းနှင့် အခြားအပိုကုန်ကျစရိတ်များ မရှိပါ။

၂။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရာပြတ်ဌာနမှ ပစ္စည်းခွန် ကောက်ခံလျက် ရှိပါသည်။ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ အခွန်ကောက်ဝန်ထမ်းများမှ အခွန်ထမ်းပြည်သူများ၏ အဆောက်အဦများအား အဆောက်အဦအမျိုးအစား၊ တည်နေရာနှင့် အတိုင်းအတာများ ကွင်းဆင်းစစ်ဆေးပါသည်။ ကွင်းဆင်းစစ်ဆေးပြီးသော အဆောက်အဦများအား ပစ္စည်းခွန်စည်းကြပ်ကောက်ခံရန် (၁)နှစ်စံငှားရမ်းခနှင့် ပစ္စည်းခွန်(၈%) တွက်ချက်သည့် အခွန်ခွဲပုံစာရင်း (LF-45) ပြုစုပါသည်။ ပစ္စည်းခွန်ခွဲပုံစာရင်း (LF-45) များအား ရာပြတ်ဌာနသို့ ပေးပို့၍ ကော်မတီ၏ ခွင့်ပြုချက်ရယူပါသည်။ ကော်မတီမှခွင့်ပြုပြီးဖြစ်သော ပစ္စည်းခွန်ခွဲပုံစာရင်း (LF-45) များမှ ပစ္စည်းခွန်ကောက်ခံရမည့် အခွန်ထမ်း(၁)ဦးချင်း စည်းကြပ်ကောက်ခံရမည့် ပြေစာများ ရေးသားရပါသည်။ အခွန်ကောက်ဝန်ထမ်းများမှ အိမ်တိုင်ရာရောက် ပစ္စည်းခွန်ကောက်ခံ၍ ဌာနငွေစာရင်း(ဘဏ်)သို့ ပေးသွင်းပါသည်။ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ အခွန်ကောက်ဝန်ထမ်းများက အိမ်တိုင်ရာရောက် စည်းကြပ်ကောက်ခံသဖြင့် အခွန်ထမ်းဘက်မှ မြေငှားရမ်းခအတွက် အချိန်ပေးရခြင်းနှင့် အခြားအပိုကုန်ကျစရိတ်များ မရှိပါ။